ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

---

ထုတ်ပြန်ကြေညာချက် (၈ /၂၀၂၂)
၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ( ၈ ) ရက်
၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ( ၂ ) ရက်

## နိုင်ငံပိုင်ရွှေစင်များရောင်းချခြင်းကိစ္စနှင့်ပတ်သက်သည့်ကြေညာချက်

၁။ အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အပ်နှံသည့် နိုင်ငံတော်ပိုင်ရွှေဒင်္ဂါးပြားများနှင့် ရွှေစင်ချောင်းများအား စီမံချက်ဖြင့် ရောင်းချလျက်ရှိသည်ကို သိရှိရသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်အာဏာကို မတရားလုယူခဲ့သည့် စစ်ကောင်စီအား ပြည်သူတရပ်လုံးက လက်မခံဘဲ အကြမ်းမဖက် ဆန္ဒဖော်ထုတ်ခြင်းများ ပြုလုပ်သည်ကို စစ်ကောင်စီသည် အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆက်တိုက်ပြုလုပ်ခဲ့သည့်အပြင် ယနေ့တိုင် ကလေးသူငယ်နှင့် အမျိုးသမီးများအပါအဝင် ပြည်သူတရပ်လုံးကို နည်းမျိုးစုံဖြင့် ရက်စက်ကြမ်းကြုတ်စွာ ညှဉ်းပန်းနှိပ်စက်လျက်ရှိသဖြင့် ပြည်သူထုထုက အမြင့်ဆုံးတော်လှန်ရေးကို ဆင်နွှဲနေရပါသည်။ အခြားတဘက်တွင်လည်း ပြည်သူကို သတ်ဖြတ်နေသည့် စစ်ကောင်စီအတွက် လိုအပ်လျက်ရှိသော ငွေကြေးများကို စစ်ကောင်စီလက်အောက်ခံ Non CDM ဝန်ထမ်းများက နိုင်ငံတော်ပိုင်ပစ္စည်းများကို ရောင်းချခြင်းဖြင့် ရှာဖွေပေးလျက်ရှိနေသည်။

၃။ သို့ဖြစ်၍ နိုင်ငံတော်ပိုင်ရွှေများ ရောင်းချသည့် စီမံချက်တွင် ပါဝင်သည့် စစ်ကောင်စီလက်အောက်ခံ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့မှ စီမံခန့်ခွဲသူအဆင့် အရာရှိကြီးများ၊ အရာထမ်းများနှင့် ပါဝင်ပတ်သက်သူအားလုံးကို တည်ဆဲဥပဒေများအရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ